မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# သံဃာအဖွဲ့အစည်းဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၂၀/၉၀) ကို ပယ်ဖျက်ပြီး၊ သံဃာတော်များအား သင်္ကန်းချွတ်၍ ရုံးထုတ်စစ်ဆေးနေခြင်းများအား ချက်ခြင်း ရပ်ဆိုင်းသင့်ကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်

၁။ ၁၉၈၈–ခုနှစ်မှ ယနေ့အထိ သံဃာတော်ပေါင်း အပါး (၇၀၀) ကျော် ဖမ်းဆီးခံခဲ့ရပြီး၊ ထောင်ထဲနှင့် ရဲဘက်စခန်းများတွင် သံဃာတော် (၁၉) ပါး ပျံလွန်တော်မူခဲ့ရသည်။ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ (၅) ရက်နေ့က ပခုက္ကူမြို့တွင် သံဃာတော်များ ဦးဆောင်ကာ မြို့တွင်းသို့ လှည့်လည်၍ မေတ္တာပို့ကြွချီနေကြစဉ် စစ်တပ်မှ သေနတ်ဖောက်ကာ ဓါတ်တိုင်တွင် ချည်နှောင်ရိုက်နှက် ဖမ်းဆီးခဲ့သည်။ ထိုမှဆက်လက်၍ ရန်ကုန်မြို့တွင် စက်တင်ဘာ သံဃာ့အရေးတော်ပုံကြီးအဖြစ် ပေါ်ပေါက်လာခဲ့သည်မှာ တနှစ်ပင်ပြည့်ခဲ့ပေပြီ။

၂။ သံဃာအဖွဲ့အစည်းဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၂၀/၉၀)၊ ပုဒ်မ (၄) တွင် " သံဃာ ဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းတွင် အဖွဲ့ဝင်များဖြစ်သည်။" ဟုပြဋ္ဌာန်းထားသည်။ သံဃာတော်များအနေဖြင့် အဖွဲ့ဝင်များအဖြစ် အလိုလို သတ်မှတ်ခံလိုက်ရခြင်းဖြစ်သည်။ သံဃာတော်တပါးချင်းစီ၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် လွတ်လပ်မှုနှင့် သံဃာ့ ဝိနည်းဓမ္မကံများကို ဖောက်ဖျက်လိုက်ရာကျပါသည်။

၃။ ဤသံဃာ့ ဥပဒေ ပုဒ်မ–၂ (ဂ) အရ– " သံဃာ အဖွဲ့အစည်းဆိုသည်မှာ အခြေခံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကိုဆိုသည်။" ဟု ဖော်ပြထားချက်မှာလည်း ဓမ္မစက်ကို အာဏာစက်ဖြင့် ချုပ်ကိုင်လွှမ်းမိုးရန် ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။ သံဃာတော်တိုင်း လွတ်လပ်စွာ စုဖွဲ့နေထိုင်ခွင့်၊ ပူးပေါင်းဖွဲ့စည်းခွင့်၊ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များ အားလုံးကို သံဃာတော်တိုင်းက ခံကာကွယ်သွားကြမည်ကို တပြည့်သားမြေး ပြည်သူအပေါင်းက ယုံကြည်လျက်ရှိပေသည်။ သံဃာ့ဂိုဏ်းကြီးများမှာလည်း စစ်အစိုးရက ဖွဲ့စည်းပေး၍ ယခုမှပေါ်ပေါက်လာသော အဖွဲ့အစည်းများမဟုတ်ကြပါ။ သို့ဖြစ်ပါ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဟု ဖော်ပြထားချက်မှာ ဝိနည်းဓမ္မကံများနှင့် လုံးဝညီညွတ်ခြင်းမရှိပါ။

၄။ စစ်အစိုးရ နဝတ အမိန့်အမှတ် ၆/၉၀ အရလည်းကောင်း၊ အမိန့်အမှတ် ၇/၉၀ အရလည်းကောင်း ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်စေရမည်ဟု ဖော်ပြထားချက်များတွင် "ဤအမိန့်ကို လိုက်နာခြင်း မပြုသည့် ပုဂ္ဂိုလ်များသည် သမ္မုတိသံဃာ အဖြစ် ရပ်တည်ခွင့် မရှိစေရ။" ဟုပြဋ္ဌာန်းခဲ့ဖူးသည်။ သေနတ်ဖြင့် သင်္ကန်းချွတ်ပစ်မည်ဟု ခြိမ်းခြောက်မှုသည် ဗုဒ္ဓဘာသာဝင်အားလုံးကို စော်ကားလိုက်ခြင်းဖြစ်သည်။

၅။ ယခုလည်း ၂၀၀၇ ခုနှစ် စက်တင်ဘာတော်လှန်ရေး ခေါင်းဆောင် သံဃာ အရှင်ဂမ္ဘီရ ပါ–သံဃာတော် ၅ ပါးကို ဩဂုတ်လ ၂၈ ရက်နေ့က ရန်ကုန် အင်းစိန်ထောင် သီးသန့်တရားရုံးမှာ ရုံးထုတ်စစ်ဆေးနေပါသည်။ သံဃာတော်၊ ဆရာတော်များကို သင်္ကန်းရုံခွင့်မပေးဘဲ၊ ရုံးထုတ်ခဲ့သည့်အပေါ် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအားလုံးက မလိုလားကြပါ။

၆။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ဈာပန အရေးအခင်း (၁၉၇၄ ဒီဇင်ဘာ) တွင်ပါဝင်ခဲ့ကြသည့် သရက်တောကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်ကြီးများကို ထောင်ထဲတွင် ဥပဒေအရ သင်္ကန်းဝတ်ခွင့် ပေးခဲ့ကြသည့် သာဓကများရှိပါသည်။ အကျဉ်းထောင် လက်စွဲဥပဒေစာပိုဒ် ၁၀၆၄၊ ၁၀၆၅၊ ၁၀၆၆ တို့တွင် ဖော်ပြထားသည့်အတိုင်း ထောင်ထဲရှိ သံဃာတော်များကို ကေသီ ၂ ထည်၊ သင်းပိုင် ၃ ထည်

ပေးရမည်။ ဟု အတိအလင်း ဖော်ပြထားပါသည်။ အကျဉ်းထောင် လက်စွဲဥပဒေ ကိုချိုးဖောက်၍ ယခုကဲ့သို့ ရုံးထုတ်စစ်ဆေးနေခြင်းမှာ တရားဥပဒေစိုးမိုးရေးကို ဖျက်ဆီးနေခြင်းဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအားလုံး၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် အပြည့်အဝရရှိစေရန်အတွက် စစ်အစိုးရ၏ ဓမ္မစက်ကို အာဏာစက်ဖြင့် မတရားလွှမ်းမိုးရန် ထုတ်ပြန်ထားသည့် သံဃာအဖွဲ့အစည်းဆိုင်ရာဥပဒေ (ဥပဒေ အမှတ် ၂၀/၉၀) ကို ပယ်ဖျက်ပြီး၊ သံဃာတော်များအား သင်္ကန်းချွတ်၍ ရုံးထုတ် စစ်ဆေးနေခြင်းများကို ချက်ခြင်းရပ်ဆိုင်းသင့်ကြောင်း ဥပဒေရေးရာ သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်။

အသေးစိတ်သိလိုပါလျှင် ဆက်သွယ်ရန်–
**ဦးမျိုး ၊ (၀၈၆ ၂၁၆ ၀၁၀၈) ၊ တာဝန်ခံ၊ ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့။**